とうきょうと　たげんごそうだん

# 東京都多言語相談ナビ

## Tokyo Multilingual Consultation Navi

Tokyo Metropolitan Foundation “TSUNAGARI”သည် တိုကျိုမြို့တော်တွင် နေထိုင်လျက်ရှိသော နိုင်ငံခြားသားများအတွက် နေ့စဉ် နေထိုင်မှုဘဝတွင် အဆင်မပြေဖြစ်နေသော ကိစ္စများ၊ သိလိုသောကိစ္စများနှင့် ပတ်သက်၍ တိုင်ပင်နိုင်သော အတိုင်ပင်ခံဌာနကို ဖွင့်လှစ်ထားပါသည်။ ဖုန်းဖြင့် ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ အခမဲ့ ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

### ဒီလိုအချိန်မျိုးမှာ အသုံးပြုပါ!




# 03-6258-1227

**လက်ခံဆွေးနွေးပေးသော နေ့ရက်နှင့်အချိန်**

ရုံးဖွင့်ရက် မနက် ၁၀:၀၀ မှ ညနေ ၄:၀၀ နာရီ
(စနေ၊ တနင်္ဂနွေ၊ ရုံးပိတ်ရက်၊ နှစ်သစ်ကူး အလုပ်ပိတ်ရက်တို့ မှအပ)

*ဖုန်းဆက်ခကုန်ကျပါမည်။
*ဆွေးနွေးတိုင်ပင်မည့်အကြောင်းအရာကိုလိုက်၍ သင့်တော်သောဌာနကို လမ်းညွှန်ပေးပါမည်။
*စကားပြန်ပေးရန်အတွက် အများနှင့် သက်ဆိုင်သော အဖွဲ့အစည်းမှတဆင့် တောင်းဆိုနိုင်ပါသည်။ စကားပြန်ခ ပေးရန်မလိုပါ။
*ဆွေးနွေးတိုင်ပင်ခြင်း၊ စကားပြန်ခြင်းစသည့် ကိစ္စနှစ်ရပ်လုံးအတွက် အသုံးပြုနိုင်သည့် အချိန်မှာ ၁နာရီသာဖြစ်ပါသည်။

ဖောင်ဒေးရှင်း HP ကြည့်ရန်


一般財団法人
東京都つながり創生財団
Tokyo Metropolitan Foundation “TSUNAGARI”

Shinjuku NS Building, 8F,
2-4-1 Nishi-Shinjuku,
Shinjuku-ku, Tokyo




# နိုင်ငံခြားဘာသာစကားများဖြင့် ဥပဒေဆိုင်ရာ ကိစ္စရပ်များကို အခမဲ့ ဆွေးနွေးခြင်း

Tokyo Metropolitan Foundation “TSUNAGARI” သည် တိုကျိုမြို့တော်တွင် နေထိုင်လျက်ရှိသော နိုင်ငံခြားသားများအတွက်၊ ရှေ့နေမှ ဥပဒေဆိုင်ရာကိစ္စရပ်များကို အတိုင်ပင်ခံလျက်ရှိပါသည်။ ဆွေးနွေးတိုင်ပင်နိုင်သည့် နည်းလမ်းများမှာ ရုံးခန်းသို့လာရောက်ဆွေးနွေးခြင်း သို့မဟုတ် Zoom ဖြင့် ဆွေးနွေးခြင်း စသည်တို့ ဖြစ်ပါသည်။

ကြိုတင်စာရင်းပေး၍ ဆွေးနွေးတိုင်ပင်ရသော စနစ်ဖြစ်ပါသည်။ ဆွေးနွေးတိုင်ပင်ခြင်းနှင့် စကားပြန်ခြင်းသည် အခမဲ့ဖြစ်ပါသည်။ မိသားစုကိစ္စ၊ ငွေကြေးကိစ္စ၊ နေထိုင်ခွင့်ဗီဇာကိစ္စ စသည်တို့ကို စိတ်လက်ပေါ့ပါးစွာဖြင့် ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

## ဒီလိုအချိန်မျိုးမှာ အသုံးပြုပါ!



ဥပဒေဆိုင်ရာ ဆွေးနွေးသင့်၊ မသင့်ကို တွေဝေနေသည့်အခါ



ဥပဒေဆိုင်ရာ ဆွေးနွေးချင်သော်လည်း၊ စကားပြန်ပေးစေချင်သည့်အခါ

## ဆွေးနွေးတိုင်ပင်သည်အထိ လုပ်ဆောင်ရမည့် အဆင့်များ

**1** ဆွေးနွေးတိုင်ပင်ရန် နေ့ရက်၊ အချိန်နှင့် နည်းလမ်းများကို ဖုန်းဖြင့် ကြိုတင်စာရင်း ပေးပါ။

*ကြိုတင်စာရင်းပေးချိန်တွင် လက်ခံ ဆွေးနွေးပေးနိုင်ရန် အတွက် လိုအပ်မည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များနှင့် စကားပြန်ပေးစေလိုသော ဘာသာစကားကို မေးမြန်းပါမည်။

**2** ဆွေးနွေးတိုင်ပင်မည့်နေ့တွင် သတ်မှတ်ထားသော ဆွေးနွေးတိုင်ပင်ရန် နည်းလမ်း ဖြင့် ဆွေးနွေးပေးပါမည်။

*ဆွေးနွေးတိုင်ပင်ရာတွင် လိုအပ်သော စာရွက်စာတမ်းများရှိပါက ကြိုတင် ပြင်ဆင်လာရပါမည်။

# 03-6258-1227

**လက်ခံဆွေးနွေးပေးသော နေ့ရက်နှင့်အချိန်** ရုံးဖွင့်ရက် မနက် ၁၀:၀၀ မှ ညနေ ၄:၀၀ နာရီ
(စနေ၊ တနင်္ဂနွေ၊ ရုံးပိတ်ရက်၊ နှစ်သစ်ကူး အလုပ်ပိတ်ရက်တို့ မှအပ)

**ဆွေးနွေး တိုင်ပင်နိုင်သူ** ၁။ ပထမဆုံးအကြိမ် ဤဥပဒေဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်းကို အသုံးပြုမည့်သူ
၂။ တိုကျိုမြို့တော်တွင် အိမ်ထောင်စုစာရင်းရှိသူ

*ဆွေးနွေးတိုင်ပင်သည့် အကြောင်းအရာကိုလိုက်၍ ဥပဒေဆိုင်ရာ ဆွေးနွေးခြင်းကို မိတ်ဆက်မပေးနိုင်သည်များလည်း ရှိပါသည်။

*ဆွေးနွေးတိုင်ပင်ခြင်း၊ စကားပြန်ခြင်းစသည့် ကိစ္စနှစ်ရပ်လုံးအတွက် အသုံးပြုနိုင်သည့် အချိန်မှာ ၁နာရီသာဖြစ်ပါသည်။

*Zoom ဆွေးနွေးတိုင်ပင်လိုပါက Zoom အပလီကေးရှင်းကို ဒေါင်းလုပ် လုပ်ထားရန် လိုအပ်ပါသည်။